# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး
# ၃၇ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၃ - ၉ - ၂၀၁၆ ]
# (သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၇ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့် ရရှိရေးအတွက် မြန်မာနိုင်ငံသား ဥပဒေပါ ပုဒ်မအချို့ကို ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးရေးနှင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည် လျှောက်ထားနိုင်ခွင့်ပေးထား၍ လျှောက်ထားရာ၌ စိစစ်ပြီး လက်ခံနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်အတွင်း Ooredoo(အူရီဒူး)တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှု** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း (ခေါ်) ကလေးများထိန်းသိမ်းစောင့်ရှောက်သောကျောင်းမှ ဖမ်းဆီး(ပြောင်းရွှေ့) ခေါ်ယူသွားသော ကလေးငယ်များကို ပြန်လည်အပ်နှံရန် အစီအစဉ် ရှိ/မရှိ နှင့် အဆိုပါကျောင်းမှသိမ်းဆည်းသွားသော ရခိုင်ရှေးဟောင်းပစ္စည်းများနှင့် ကျောင်း၏ ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁ဂ)၏ **မွန်ပြည်နယ်အတွင်းရှိ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင် ခွင့်ပြုချက် ရှိ/မရှိ ပြန်လည်စိစစ် စစ်ဆေးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ တောင်သူတစ်ဦး ပိုင်ဆိုင်သည့် လယ်နှင့်ခြံမြေများကို သိမ်းဆည်းခဲ့ခြင်း** နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၃၈ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။